# GLOBAL LANGUAGE BOOKS PTY LTD

**Unit 5, 3 Dursley Road, Yennora NSW 2161, Australia**

*All Correspondence to:* **P.O. BOX 108,TOONGABBIE NSW 2146, Australia**

**Ph (02) 9632 9971 Fax (02) 9721 1294**

**Email: info@globallanguage.com.au**

**Web Address: www.globallanguage.com.au**

**Our abn 94 079 996 759**


## Burmese

## သင်၏ခလေးများနှင့် စာဖတ်ခြင်းအတွက် အကြံပြု ချက်များ။

1 **၁ ၊ သင်၏ခလေးများနှင့် စကားပြောခြင်း၊ ပုံပြောပြခြင်း၊ သီချင်းဆိုခြင်းအားဖြင့် အချိန်ကို အတူတကွကုန်လွန်ပါစေ။**

*စိတ်ချမ်းမြေ့ဖွယ်ကောင်းသော၊ အရေးကြီးသောလှုပ်ရှားမှုများဖြစ်ပြီး ခလေးများ စာဖတ်ရန် လမ်းခင်းအစပြုပေးပါသည်။*

2 **၂ ၊ နေ့စဉ် ခလေးများကို စာဖတ်ပြပါ။ သူတို့နှင့်အတူတကွစာဖတ်ပါ။**

*နေ့စဉ်စာဖတ်ခြင်းနှင့် အတူတကွအချိန်ကုန်လွန်စေခြင်းတို့ သည် အရေးကြီးကြောင်း ပြသပါသည်။*

3 **၃ ၊ ခလေးများနှင့်အတူဖတ်သောစာအုပ်များကို ရွေးချယ်ရာတွင် ခလေးများပါဝင်ရွေးချယ်ပါစေ။**

*ဤသို့ဖြင့် ခလေးများ၏စိတ်ဝင်စားမှုကို ဆက်လက်ရှင်သန်စေရန် ထိန်းသိမ်းထားနိုင်ပေမည်။*

4 **၄ ၊ စာဖတ်ချိန်တွင် သက်တောင့်သက်သာနေရာကိုရွေးပြီး ခလေးများနှင့်လက်ပွန်းတတီး နီးကပ်စွာထိုင်ပါ။**

*ဤသို့ဖြင့် စာဖတ်ချိန်တွင် အထူးခံစားချက်တမျိုးကို ဖြစ်ပေါ်စေပါသည်။*

5 **၅ ၊ ပုံပြင်ဇာတ်လမ်း အပေါ်မူတည်၍ အသံနေအသံထား အနိမ့်အမြင့် အတိုးအကျယ် အနှေးအမြန် ဆီလျော်အောင်ဖတ်ပါ။**

*ဤသို့ဖြင့် ခလေးများအတွက် ပုံပြင်ဇာတ်ကွက်သည် ပိုမိုစိတ်ဝင်စားဖွယ်ကောင်းစေပါသည်။*

6 **၆ ၊ စာအုပ်ဖတ်ပြီးလျှင်၊ ဇာတ်လမ်းအကြောင်း ပြန်ပြောင်းပြောဆိုပါ။**

*စာအုပ်ပါရုပ်ပုံကားများနှင့် အဓိကစိတ်ကူးဇာတ်ကွက်များကို ဆွေးနွေးခြင်းအားဖြင့် ခလေးများ၏နားလည်မှုကို တိုးတက်ဖွံ့ဖြိုးစေပါသည်။*

7 **၇ ၊ မိဘများ စာအုပ်၊ သတင်းစာ၊ မဂ္ဂဇင်းများဖတ်နေခြင်းကို ခလေးများ မြင်တွေ့ပါစေ။**

*မိဘများစာဖတ်ဝါသနာပါခြင်း၊ တန်ဘိုးထားခြင်းတို့ သည် ခလေးများအတွက် ဥပမာကောင်း များဖြစ်စေပါသည်။*

8 **၈ ၊ ခလေးများအား စာကြည့်တိုက်သို့ မှန်မှန် ခေါ်ဆောင်သွားပါ။**

*စာကြည့်တိုက်များသည် စာအုပ်နှင့် အလားတူပစ္စည်းများစွာ တွေ့နိုင်သော နေရာကောင်းများဖြစ်ပါသည်။*